
Translator - Shanhtet
ရတနာနယ်မြေအရှင်သခင်
စာစဉ်-၃

# အခန်း (၂၅)
## အလောင်းကောင်မိစ္ဆာ
*

ချင်ယွမ်ဖုန်းသည် လတ်တလောတွင် နာမည်ကျော်ကြားလျက်ရှိသော ဆဋ္ဌမအဆင့် လက်နက်သွန်းလုပ်ထူးချွန်သူ 'သခင်ဖုန်းယွဲ့' ၏ အမည်နာမကို ကြားဖူးနားဝရှိလေသည်။

ဋင်းမှာ ရှန်းဝူစကြဝဠာတိုက်ကြီးပေါ်တွင် အလွန်တရာ အစွမ်းထက်မြက်လှသော လက်နက်သွန်းလုပ်သူတစ်ဦး ဖြစ်ပေရာ၊ ယခုလေပြင်းနှင့် မိုးကြိုးဓားမှာမူ ထိုပုဂ္ဂိုလ်ကျော် မထင်မရှားဘဝက သွန်းလုပ်ခဲ့ခြင်း ဖြစ်တန်ရာ၏။

အပြင်ပန်းသဏ္ဍာန်မှာ လူအများအာရုံကျစေရန် တလက်လက်တောက်ပနေသော်လည်း လက်တွေ့အသုံးချရာတွင်မူ အားနည်းချက်များ ရှိနေချေသည်။

အဆိုပါဓားအား သွန်းလုပ်ရာတွင် လေပြင်းနှင့် မိုးကြိုးဝံပုလွေ၏ မော်အမြူတေကို ထည့်သွင်းအသုံးပြုထားသဖြင့် လေနှင့် မိုးကြိုးစွမ်းအင်တို့

ကိန်းအောင်းလျက်ရှိသည်။

အသုံးပြုထားသော ပစ္စည်းအမယ်များအရ ကြည့်လျှင်လည်း အတော်အသင့် ကောင်းမွန်သော ရတနာလက်နက်တစ်ခုဟု ဆိုနိုင်ပေသည်။

သို့သော်လည်း ယင်း၌ပါဝင်သော လေနှင့် မိုးကြိုးစွမ်းအားမှာ အလွန်ပင်

နည်းပါးလှသဖြင့် ပညာသင်အဆင့်ရှိ သိုင်းပညာရှင်များအပေါ်တွင်သာ အကျိုးသက်ရောက်မှု အနည်းငယ်ရှိနိုင်ပြီး၊ ပညာသင်အဆင့်ထက် မြင့်မားသော ကျင့်ကြံသူများအတွက်မူ အရာရောက်ခြင်းမရှိလှပေ။

သို့သော်လည်း လင်ဇီအာ၏ ဖျောင်းဖျနားချတတ်သော စကား အသုံးအနှုန်းများကြောင့် ထိုဓားမှာ လေလံပွဲ၌ အလွန်မြင့်မားသော ဈေးနှုန်းဖြင့် ရောင်းထွက်သွားခဲ့ရသည်။

"အဆင့်မြင့် ဝိညာဉ်ကျောက်တုံး သုံးဆယ်"။

နောက်ဆုံးတွင် ဝဝဖိုင့်ဖိုင့်နှင့် သခင်လေးတစ်ဦးက ထရပ်၍ ဈေးနှုန်းကို ခေါ်ဆိုလိုက်လေသည်။

ထိုဈေးနှုန်းမှာ လူအများကို တုန်လှုပ်ခြောက်ခြားသွားစေကာ မည်သူမျှ ထပ်မံ၍ အပြိုင်အဆိုင် ဈေးမခေါ်ဝံ့ကြတော့ပေ။ အမှန်စင်စစ် အဆင့်မြင့် ဝိညာဉ်ကျောက်တုံး သုံးဆယ်ဟူသော ပမာဏမှာ ထိုဓား၏ တန်ဖိုးထက် များစွာသာလွန်နေချေပြီ။

ချင်ယွမ်ဖုန်း၏ အမြင်အရမူ ထိုဓားသည် အဆင့်မြင့် ဝိညာဉ်ကျောက်တုံး တစ်ဆယ့်ငါးတုံးဆိုလျှင်ပင် အတော်ပင် ဈေးကြီးလှပြီဟု ယူဆမိလေ သည်။

ထိုသခင်လေးမှာ ကျေနပ်အားရစွာဖြင့် ပြန်လည်ထိုင်ချလိုက်ရင်း လင်ဇီ အာကို ကြည့်ကာ လက်မထောင်ပြ၍ မျက်စိတစ်ဖက် မှိတ်ပြလိုက်သေး၏။

ယင်းပုဂ္ဂိုလ်မှာ လင်ဇီအာ၏ အလှအပတွင် လုံးလုံးလျားလျား နစ်မွန်းနေ သူတစ်ဦး ဖြစ်ပေလိမ့်မည်။ ချင်ယွမ်ဖုန်းမှာ ထိုမြင်ကွင်းကို ကြည့်၍ ပြုံးမိ လေသည်။ လင်ဇီအာမှာ စိတ်ထဲမှ ခိုး၍ ရယ်မောနေသည်ကို ထိုသခင်လေး သိဟန်မတူပေ။

လေလံပစ္စည်း ဈေးကောင်းရလေလေ၊ သူတို့ရရှိမည့် ကော်မရှင်ခမှာလည်း ပို၍များပြားလေလေ မဟုတ်လော။

"ကျေးဇူးတင်ပါတယ် ဝမ်သခင်လေးရှင့်" ဟု လင်ဇီအာက ဝတ်ကျေတမ်းကျေ ပြောကြားလိုက်ပြီးနောက်၊ "နောက်ထပ် တင်ပြမယ့် ပစ္စည်းကလည်း ရတနာတစ်ခုပါပဲ၊ ဒါပေမဲ့ ဒါကတော့ ခုခံကာကွယ်ရေး ရတနာဖြစ်ပြီး တတိယအဆင့် ရှိပါတယ်" ဟု ဆက်လက် ပြောဆိုလိုက်သည်။

မကြာမီပင် ဝတ်ရုံရှည်တစ်ခုကို လေလံစင်မြင့်ပေါ်သို့ ယူဆောင်လာခဲ့ပြန်သည်။ ထို့နောက်တွင်လည်း မယုံနိုင်လောက်အောင် မြင့်မားသော ဈေးနှုန်းများဖြင့် အပြိုင်အဆိုင် ခေါ်ဆိုကြပြန်ရာ ချင်ယွမ်ဖုန်းမှာ အတော်ပင် စိတ်ပျက်အားမလိုအားမရ ဖြစ်သွားရလေသည်။

"ဒီလူတွေကတော့ တကယ်ကို ချမ်းသာပြီး အူအူအနနတွေပဲ၊ ငါ့မှာတော့ အဆင့်မြင့် ဝိညာဉ်ကျောက်တုံး တစ်တုံးတည်း ရှိတာ နှမြောဖို့ကောင်းလိုက်တာ" ဟု ချင်ယွမ်ဖုန်းက မိမိကိုယ်ကိုယ် လှောင်ပြောင်သည့်သဘောဖြင့် ပြောလိုက်မိသည်။

"ဒါနဲ့ ရှောင်လင်၊ ငါ့မှာ ရောင်းလို့ရမယ့် တန်ဖိုးရှိတဲ့ပစ္စည်းများ ရှိမလားဆိုတာ လာကြည့်ပေးပါဦး"။

ရှောင်လင်သည် ချင်ယွမ်ဖုန်း၏ စိတ်အာရုံထဲတွင် ချက်ချင်းပေါ်လာပြီး လေလံတင်နေသော ပစ္စည်းများကို အသေအချာ စစ်ဆေးပေးလေသည်။ အချီအချ ဈေးခေါ်သံများကို နားထောင်ရင်း ချင်ယွမ်ဖုန်းမှာ အိပ်ငိုက်လာမိသည်။

"အရှင်သခင်၊ အရှင်သခင်... နိုးပါဦး"။ ရှောင်လင်၏ စိုးရိမ်တကြီး ခေါ်သံကြောင့် ချင်ယွမ်ဖုန်းမှာ ဝေဝေဝါးဝါးဖြင့် မျက်လုံးဖွင့်လာခဲ့သည်။

"ဘာဖြစ်လို့လဲ ရှောင်လင်"။

"အရှင်သခင်၊ အခု လေလံတင်နေတဲ့ ပစ္စည်းကို ကြည့်လိုက်ပါဦး" ဟု ရှောင်လင်က လေလံစင်မြင့်ကို ညွှန်ပြကာ အော်ပြောလိုက်သည်။

ချင်ယွမ်ဖုန်းလည်း ချက်ချင်းပင် လှမ်းကြည့်လိုက်၏။ ရှောင်လင်ကိုပင် ပျာပျာသလဲ ဖြစ်စေသော ပစ္စည်းမှာ အလွန်တရာ တန်ဖိုးကြီးလှသော ပစ္စည်းဖြစ်ရပေမည်။

"အဲဒါ ဘာလဲ" ဟု ချင်ယွမ်ဖုန်းက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။ လေလံစင်မြင့်ပေါ်တွင် တင်ပြထားသည်မှာ သွေးတစ်စက်ပင် ဖြစ်ချေသည်။

"ဒါကတော့ သားရဲတစ်ကောင်ရဲ့ သွေးတစ်စက်ပဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ ဘယ်လိုသားရဲမျိုးလဲဆိုတာနဲ့ သူ့ရဲ့အဆင့်အတန်းကိုတော့ မခွဲခြားနိုင်သေးပါဘူး၊ ဒါဟာ ကျွန်မတို့ ချန်ဟုန်း ကုန်သည်ကြီးများအသင်းအတွက်တောင် အလွန်ပဲ ရှားပါးတဲ့ကိစ္စပါ၊ ဒါပေမဲ့ သေချာတာတစ်ခုကတော့ ဒီသွေးတစ်စက်ထဲမှာ အလွန်စွမ်းအားကြီးတဲ့ စွမ်းအင်တွေ ကိန်းအောင်းနေတာပါပဲ"။

လင်ဇီအာက တည်ငြိမ်စွာ ရှင်းပြနေသော်လည်း၊ အဆိုပါသွေးစက်ကို စစ်ဆေးခဲ့သော အဘိုးချန်ပင်လျှင် ထိုသွေးစက်၌ ပါဝင်သော စွမ်းအားကို အံ့အားသင့်ခဲ့ရသည်။

"သွေးတစ်စက်က ဘာများလုပ်လို့ရမှာမို့လို့လဲ" ဟု လူအုပ်ထဲမှ တစ်ဦးက လှမ်းအော်လိုက်သည်။ ထိုသွေးစက်မှာ တတ်ကျွမ်းနားလည်သူလက်ထဲတွင် အသုံးဝင်နိုင်သော်လည်း၊ အသုံးမချတတ်သူအတွက်မူ အမှိုက်သရိုက်သဖွယ် အသုံးမဝင်သော ပစ္စည်းသာ ဖြစ်ပေလိမ့်မည်။

"ဒါ ဘယ်လိုသားရဲရဲ့ သွေးလဲ" ဟု ချင်ယွမ်ဖုန်းက မေးလိုက်ရာ ရှောင်လင်က ခေါင်းခါပြရင်း၊ "ကျွန်မလည်း မသိပါဘူး၊ ဒါပေမဲ့ ဒီသွေးစက်ထဲမှာ အရှင်သခင်ကို အကျိုးပြုနိုင်မယ့် အရာတစ်ခုခု ရှိနေတယ်လို့ ကျွန်မ ခံစားနေရတယ်" ဟု ပြန်လည် ဖြေကြားလိုက်သည်။

"အဲဒီလိုလား၊ ဒါဆို ငါ စမ်းပြီး ဈေးခေါ်ကြည့်ရမှာပေ့ါ" ဟု ချင်ယွမ်ဖုန်းက တည်ငြိမ်စွာ ပြောလိုက်သည်။

"ဒါပေမဲ့ အရှင်သခင်မှာ ဝိညာဉ်ကျောက်တုံးမှ မရှိတာ" ဟု ရှောင်လင်က သတိပေးလိုက်ရာ၊ ချင်ယွမ်ဖုန်းက ပြုံးလျက် "ငါ သန့်စင်တဲ့ နတ်ရေစင်ပုလင်းသုံးဆယ် ရောင်းထားတာလေ၊ အဲဒီအတွက် ဝိညာဉ်ကျောက်တုံးတွေ ရမှာပဲ၊ အဲဒါဆို ဒီသွေးတစ်စက် ဝယ်ဖို့ လောက်ငမှာပါ" ဟု ဆိုလေသည်။

ထိုစဉ် လေလံပွဲရှိ လူအများစုမှာ ထိုသွေးစက်ကို စိတ်ဝင်စားခြင်း မရှိကြပေ။ လင်ဇီအာသည်လည်း ဤအခြေအနေကို ကြိုတင်ခန့်မှန်းထားပြီး ဖြစ်ပေသည်။

"ဒီ အမည်မသိ သားရဲသွေးစက်ရဲ့ အခြေခံဈေးကတော့ အဆင့်မြင့်ဝိညာဉ်ကျောက်တုံး တစ်တုံးဖြစ်ပြီး အကန့်အသတ်မရှိ ဈေးပြိုင်နိုင်ပါတယ်ရှင်"။

တုံ့ပြန်သူမှာ အလွန်နည်းပါးလှပြီး အချို့ကသာ "စမ်းကြည့်ရအောင်" ဆိုသော သဘောဖြင့် အဆင့်မြင့် ဝိညာဉ်ကျောက်တုံး နှစ်တုံးခန့်သာ ပေးကြလေသည်။ ချင်ယွမ်ဖုန်းသည် မည်သူမျှ ထပ်မံဈေးမခေါ်တော့သည်ကို မြင်၍ ဝင်ရောက်ခေါ်ဆိုရန် ပြင်လိုက်စဉ်မှာပင် လေလံရုံ၏ ထောင့်တစ်နေရာမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ငါးတုံး"။

ချင်ယွမ်ဖုန်း လှမ်းကြည့်လိုက်ရာ ဝတ်ရုံနက်ကို ဝတ်ဆင်ထားသော လူတစ်ဦးကို တွေ့ရသည်။ ထိုသူမှာ မိမိကိုယ်ကိုယ် ဖုံးကွယ်ထားခြင်းမရှိဘဲ ဝတ်ရုံခေါင်းစွပ်အောက်တွင် အသားအရေ ခမ်းခြောက်နေသော မျက်နှာကို မြင်တွေ့နေရလေသည်။

သူသည် အဘိုးအိုတစ်ဦး ဖြစ်သော်လည်း သူ၏မျက်နှာနှင့် လက်ချောင်းများကို ကြည့်ခြင်းဖြင့် အရေနှင့်အရိုးသာ ကျန်တော့ကြောင်း သိသာလှပေသည်။

သူ၏မျက်လုံးများမှလည်း မကြာခဏဆိုသလို ယုတ်မာသော အလင်းရောင်များ ထွက်ပေါ်နေသဖြင့် လူအများကို ရွံ့ရှာစက်ဆုပ်ဖွယ် ခံစားရစေသည်။

"ဒါ အလောင်းကောင်မိစ္ဆာပဲ၊ သူ လေလံပွဲကို လာလိမ့်မယ်လို့ မထင်ထားမိဘူး"။ ထိုအချိန်တွင် အသားခြောက်ကဲ့သို့ ဖြစ်နေသော အဘိုးအိုကို တစ်စုံတစ်ဦးက မှတ်မိသွားပြီး ရေရွတ်လိုက်သဖြင့် လူအများကြားတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဟုတ်တယ်၊ သူက လတ်တလော နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ အစွမ်းထက် မိစ္ဆာကျင့်ကြံသူ တစ်ဦးပဲ၊ လူအတော်များများက သူ့ကို သတ်ချင်နေကြတာ၊ အခုလို လူပုံအလယ်မှာ ပေါ်လာလိမ့်မယ်လို့ မထင်ခဲ့ဘူး" ဟု အခြားတစ်ဦးကလည်း ဆိုပြန်သည်။

"ဟဲဟဲ... ငါ့ကို မှတ်မိတဲ့လူရှိနေတာပဲ၊ ကောင်းတာပေါ့" ဟု အလောင်းကောင်မိစ္ဆာက ကြောက်မက်ဖွယ်ကောင်းသော ရယ်သံဖြင့် ပြောလိုက်လေသည်။

လင်ဇီအာသည်လည်း ပြုံးလိုက်ကာ ထိုသူမှာ မည်သူပင် ဖြစ်ပါစေ၊ ဤနေရာသို့ ရောက်ရှိလာသူမှာ ဧည့်သည်သာဖြစ်သည်ဟု သဘောထားလိုက်

ပြီး၊ "ဒီဂုဏ်သရေရှိ လူကြီးမင်းက အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ငါးတုံး ပေးထားပါတယ်၊ ဒီထက် မြင့်တဲ့ဈေး ခေါ်မယ့်သူ ရှိပါသေးလားရှင်" ဟု မေးမြန်းလိုက်သည်။

အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ငါးတုံးဟူသော ဈေးနှုန်းမှာ ပထမအဆင့် မြင့်မားသော သားရဲအဆင့်၏ မှော်အမြုတေထက်ပင် ဈေးကြီးနေသဖြင့် လင်ဇီအာမှာ အတော်ပင် ကျေနပ်နေချေပြီ။

"မိန်းကလေး ဇီအာ၊ ကျွန်တော် အဘိုးကြီး မဟုတ်ပါဘူး၊ အခုမှ အသက် ၃၆ နှစ်ပဲ ရှိပါသေးတယ်" ဟု အလောင်းကောင်မိစ္ဆာက အေးစက်စက် လေသံဖြင့် ပြောလိုက်ရာ လင်ဇီအာပင်လျှင် ခေတ္တမျှ မျက်နှာပျက်သွားရ လေသည်။

"အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်ရှင်" ဟု လင်ဇီအာက ပြန်လည် ပြောကြားလိုက်သော်လည်း၊ အလောင်းကောင်မိစ္ဆာက ဂရုမစိုက် ဟန်ဖြင့် ခေါင်းခါပြကာ လေလံပွဲကိုသာ ဆက်လက်စေလေသည်။

မည်သူမျှ ထိုမိစ္ဆာနှင့် ယှဉ်ပြိုင်၍ ဈေးမခေါ်ဝံ့တော့ချိန်၊ အလောင်းကောင် မိစ္ဆာကလည်း ပစ္စည်းကို ရရှိတော့မည်ဟု မှတ်ထင်နေစဉ်မှာပင် ချင်ယွမ် ဖုန်းက တည်ငြိမ်စွာဖြင့် ဈေးခေါ်လိုက်လေတော့သည်။

"အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ဆယ်တုံး"။

ထိုအခါ လေလံရုံအတွင်းရှိ လူအားလုံးမှာ ချင်ယွမ်ဖုန်းရှိရာ သီးသန့်ခန်း ဆီသို့ လှည့်ကြည့်လိုက်ကြသော်လည်း မည်သည့်အရာကိုမျှ မမြင်ရပေ။

လင်ဇီအာသည်လည်း ထိုအသံမှာ ချင်ယွမ်ဖုန်းဖြစ်ကြောင်း သိနေသဖြင့် အံ့အားသင့်သွားရသည်။ ချင်ယွမ်ဖုန်းသည် အဘယ်ကြောင့် ဤသွေးစက် ကို ဝယ်ယူလိုရသနည်း၊ သူသည် ဤသွေးစက်၏ ဇာစ်မြစ်ကို သိနေခြင်း

ဖြစ်ပေသလော။

***